# ပှက်စာပြုလုပ်ခြင်း ဆိုတာဘာလဲ။

## ဒါကို ကလေးသူငယ် လိင်မှုဆိုင်ရာ မလျော်မကန်ပြုသူတွေ ဘယ်လိုအသုံးပြုသလဲ။

### ဒါက ဘယ်လိုအလုပ်လုပ်သလဲ။

ပှက်စာပြုလုပ်ခြင်းဟာ ကွန်ပြူတာပရိုဂရမ် အဆင့်ပေါင်းများစွာကို အသုံးချပြီး ပြုလုပ်ထားတဲ့ သတင်းစကားတခုကို ပှက်စာပြုလုပ်တဲ့ ဆော့ဖ်ဝဲသုံးပြီး သိုပှက်ထားခြင်း သို့မဟုတ် အသွင်ပြောင်းထားခြင်းဖြစ်ပါတယ်။ သို့မှသာ ဒီသတင်းစကားကို မှားယွင်းစွာ လက်ခံရရှိသူလက်ထဲရောက်သွားရင် မြင်နေရ ဖတ်နေရသော်လည်း ဒီစာစကားရဲ့ ဆိုလိုချက်ကို နားမလည်မှာဖြစ်တယ်။ ဥပမာ ငါမင်းနဲ့ တနင်္လာနေ့တွေ့မယ် ဆိုတဲ့ သတင်းစကားမျိုးကို 'p98hUls#yeb!' လို့ သင်္ကေတဖော်ထားတဲ့ သတင်းစကားအဖြစ် ပြောင်းလဲလိုက်တာပါ။

ဒီနားလည်ဖို့ခက်တဲ့ (သင်္ကေတစာ)ကို အင်တာနက်ကနေတဆင့် လက်ခံသူဆီ ပို့လိုက်ပါတယ်။ မူရင်းသတင်းစကားကို ပြန်လည်ဖော်ထုတ်ဖို့ သို့မဟုတ် ပြန်ဖြည်ဖို့ ပေးပို့သူမှ ပေးထားတဲ့ တခြားသူတွေမသိတဲ့ ပှက်စာပြန်ဖြည်တဲ့ သော့ချက်ဟာ လက်ခံရယူသူဆီမှာ ရှိရမှာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကို ပှက်စာပြန်ဖြည်ခြင်း လို့ခေါ်ပါတယ်။ ဒီသော့ချက်မရှိဘဲနဲ့ ဒီသတင်းစကားဟာ ဖတ်လို့မရ သို့မဟုတ် ပုံရိပ်ဟာ ကြည့်လို့မရဖြစ်နေမှာပါ။

ပှက်စာပြုလုပ်ခြင်း၊ ပြန်ဖြည်ခြင်းဖြစ်စဉ်ဟာ အောက်ပါအတိုင်းပဲ ဖြစ်တယ်။




### ပှက်စာပြုလုပ်ခြင်းကို လုံခြုံစေရန်အသုံးပြုပါတယ်

အချက်အလက်များ (ဖိုင်၊ ဓာတ်ပုံများ၊ ကွန်ပြူတာများ)၊
အင်တာနက်မှ လွှဲပြောင်းမှုများ (ဥပမာ ဘဏ်လုပ်ငန်း)၊
စကားပှက်များ၊ ကွန်ယက်များနှင့် အီးမေးလ်။




ဒါဟာ ဥပမာ တခုသာရှိသေးပြီး အချက်အလက်များကို ပှက်စာပြုလုပ်ခြင်း၊ ပှက်စာပြန်ဖြည်ခြင်းလုပ်ရန် အခြားသောနည်းလမ်းများ ရှိနေသေးကြောင်း ကျေးဇူးပြု၍ မှတ်သားထားစေလိုပါတယ်။

---

## ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူသူများမှ အသုံးပြုသော ပှက်စာပြုလုပ်ခြင်း

ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုသူတွေဟာ အွန်လိုင်းပေါ်မှာ တဦးနဲ့တဦး ဆက်သွယ်ရာမှာ သူတို့ရဲ့ အထောက်အထားတွေနဲ့ လုပ်ဆောင်ချက်တွေကို အာဏာပိုင်တွေလက်မှ သိုပှက်ထားဖို့ အမျိုးမျိုးသော ကိရိယာတွေကို သုံးကြပါတယ်။

ဥပမာ ဥပဒေချိုးဖောက်သူတွေဟာ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပှက်စာအဖြစ်ပြောင်းလိုက်တဲ့အခါ အထက်မှာပြောခဲ့သလို ခွင့်ပြုချက်မရှိသူတွေနဲ့ အခွင့်ရှိသူတွေ လက်ဝယ်ရောက်ရှိသွားရင် ဒါကို မမှတ်မိမသိရှိမှာ ဖြစ်တယ်။ ဒါမှမဟုတ် အိမ်ကိုဝရမ်းနဲ့ ရှာဖွေတဲ့အခါ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံတွေကို အာဏာပိုင်တွေ ဝင်ရောက်ကြည့်နိုင်ခြင်းနဲ့ သိရှိမှတ်မိသွားခြင်းတို့မှ ကာကွယ်ဖို့ သူတို့ဟာ ကွန်ပြူတာနဲ့ အချက်အလက်သိမ်းတဲ့ ဒစ်တွေကို ပှက်စာ လုပ်ထားနိုင်ပါသေးတယ်။

ဒ့ါအပြင် ပှက်စာပြုလုပ်ခြင်းဟာ လိင်မှုဆိုင်ရာမလျော်မကန်ပြုသူတွေ အွန်လိုင်းမှာ ဆက်သွယ်တဲ့အခါ တဖက်ကလူရဲ့ အထောက်အထားကို ခိုင်လုံအောင် လုပ်နိုင်ခွင့်ရစေပါတယ်။

တချို့ အားနည်းတဲ့ ပှက်စာပြုလုပ်တဲ့ ပရိုဂရမ်တွေကို အားကောင်းတဲ့ ကွန်ပြူတာတွေနဲ့ ဖြိုဖျက်လို့ရပေမဲ့ လက်တွေ့ကျတဲ့ ရည်ရွယ်ချက်အတွက် ယေဘုယျဆိုရရင် တွင်တွင်ကျယ်ကျယ်ရနိုင်နေတဲ့ အားကောင်းတဲ့ပှက်စာ ပရိုဂရမ်တော်တော်များများကိုတော့ ပှက်စာဖြည်တဲ့သော့ချက် မရှိဘဲ မဖြိုဖျက်နိုင်ပါဘူး။

ပှက်စာပြုလုပ်ခြင်းဟာ ဥပဒေလိုက်နာရေးကြီးကြပ်မှု စုံစမ်းစစ်ဆေးခြင်းကိစ္စတွေမှာ နောက်ထပ်ရှုပ်ထွေးမှုတွေ ဖြစ်စေပါတယ်။

ဒီအချက်အလက်စာရွက်ဟာ အီးပက်နိုင်ငံတကာ အဖွဲ့အစည်းမှ ဖန်တီးထားပါတယ်။ ဘာသာပြန်ခြင်းနှင့် ထုတ်ဝေခြင်းအတွက် ယူနီစက်ဖ်မှ ပံ့ပိုးကူညီပါတယ်။